# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး

# ၃၅ ရက်မြောက်နေ့ အစီအစဉ်

# [ ၂ - ၆ - ၂၀၁၆ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော်၏ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၅ ရက်မြောက်နေ့ အစည်းအဝေးအစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ဖြင့် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏

**ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းရှိ ရင်ကွဲတောင်၊ ကြက်မောက်တောင် သစ်တော ကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပရှိ**

ကျွန်းအပါအဝင် သစ်များထုတ်ယူနေခြင်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်အတွက် ရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိ နှင့် ရပ်ဆိုင်းခြင်းမရှိပါက သစ်တောပြုန်းတီးပြီး သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာကွယ်ရန် ဒေသခံပြည်သူများ လက်ခံနိုင်သည့် ပွင့်လင်း မြင်သာသော အစီအစဉ်ဖြင့် ထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ မန္တလေး-တကောင်း၊ ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတွင်းရှိ မြတောင်နှင့် ရွှေကူကြား ကားလမ်း မိုင်(၇၀) ခန့်သည် မြေလမ်း၊ ကျောက်ကြမ်းလမ်းများ ဖြစ်နေပြီး တံတားများမှာလည်း သစ်သားတံတားများဖြစ်နေခြင်းနှင့် ရွှေကူနှင့် စင်ခမ်း ကြားလမ်းများ ပျက်စီးနေခြင်းတို့ကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွား နိုင်ရန် အဆင့်မြင့်ကတ္တရာလမ်း ခင်းပေးခြင်းနှင့် အဆင့်မြင့်ကွန်ကရစ် တံတားများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ မြောက်ဦးမြို့၊ မြို့ပတ်လမ်း၊ ကြက်ဈေးလမ်းဆုံမှ မြို့၏တောင်ဘက်အဆုံး အားကစားကွင်း အနီး လက်ဆည်ကန်မြို့ပတ်လမ်းအထိ ရှည်လျားစွာ ရှိနေသောလမ်းကို မြို့၏အူကြောင်းလမ်းမကြီးတစ်ခုအဖြစ် သတ်မှတ်ကာ

**ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း အဆင့်တိုးမြှင့်လုပ်ဆောင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ၃၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၃၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။